IB DIPLOMA PROGRAMME
PROGRAMME DU DIPLÔME DU BI
PROGRAMA DEL DIPLOMA DEL BI

22050044

**BURMESE A1 – STANDARD LEVEL – PAPER 2**
**BIRMAN A1 – NIVEAU MOYEN – ÉPREUVE 2**
**BIRMANO A1 – NIVEL MEDIO – PRUEBA 2**

Friday 6 May 2005 (morning)
Vendredi 6 mai 2005 (matin)
Viernes 6 de mayo de 2005 (mañana)

1 hour 30 minutes / 1 heure 30 minutes / 1 hora 30 minutos

---

INSTRUCTIONS TO CANDIDATES

- Do not turn over this examination paper until instructed to do so.
- Answer one essay question only. You must base your answer on at least two of the Part 3 works you have studied. You may include in your answer a discussion of a Part 2 work of the same genre if relevant. Answers which are not based on a discussion of at least two Part 3 works will not score high marks.

INSTRUCTIONS DESTINÉES AUX CANDIDATS

- Ne retournez pas cette épreuve avant d'y être autorisé(e).
- Traitez un seul sujet de composition. Vous devez baser votre réponse sur au moins deux des œuvres de la 3e partie que vous avez étudiées. Le cas échéant, vous pouvez inclure dans votre réponse une discussion sur une œuvre du même genre littéraire étudiée dans la 2e partie du programme. Les réponses qui ne sont pas basées sur au moins deux des œuvres de la 3e partie n'obtiendront pas une note élevée.

INSTRUCCIONES PARA LOS ALUMNOS

- No dé la vuelta al examen hasta que se lo autoricen.
- Elija un tema de redacción. Su respuesta deberá basarse en al menos dos de las obras estudiadas en la Parte 3. Se podrán hacer comentarios sobre una obra de la Parte 2 del mismo género, si fuera necesario. Las respuestas que no incluyan una discusión sobre al menos dos obras de la Parte 3 no recibirán notas altas.

အောက်ပါမေးခွန်းများမှ <u>**တစ်ခုကို**</u> ရွေးချယ်၍ စာစီစာကုံး ရေးသားပါ။ လေ့လာသင်ကြားခဲ့သည့် သင်ရိုး ညွှန်းတမ်း အပိုင်း ၃ တွင် ပါရှိသည့် အနည်းဆုံး ပြဋ္ဌာန်းချက်နှစ်ရပ်အပေါ် မူတည်ကိုးကား၍ ဖြေဆိုပါ။ သင်ရိုး ညွှန်းတမ်း အပိုင်း ၂ တွင် ပါရှိသော စာပေရသဆိုင်ရာ အမျိုးအစားအရ တူညီမှုရှိသည့် ပြဋ္ဌာန်းချက်တစ်ရပ်ကို ဆီလျော်ပါက ထည့်သွင်းဖြေဆိုနိုင်ပါသည်။ အဖြေများမှာ သင်ရိုး ညွှန်းတမ်း အပိုင်း ၃ တွင် ပါရှိသည့် အနည်းဆုံး ပြဋ္ဌာန်းချက်နှစ်ရပ်အပေါ် မူတည်ကိုးကားဆွေးနွေးထားမှုမရှိလျှင် အမှတ်များစွာ ရလိမ့်မည် မဟုတ်ပါ။

၁။ **"တစ်ချို့သော ဇာတ်သိမ်းပိုင်းများတွင် ဇာတ်လမ်းကို ပြီးပြည့်စုံစွာ အဆုံးသတ်ထားကာ စာဖတ်သူ ကျေနပ်မှုကို ရရှိစေ၏။ တစ်ချို့မှာမူ ဇာတ်လမ်း ပြီးဆုံးခြင်း မရှိဘဲ၊ ဇာတ်လမ်း မည်သို့အဆုံးသတ်မည်ကို စာဖတ်သူ ဆက်လက် စဉ်းစားရန်အတွက် လမ်းဖွင့်ထားကြပြီး ပဟေဠိဆန်ကြသည်။ "** လေ့လာသင်ကြားခဲ့သည့် သင်ရိုးညွှန်းတမ်း အပိုင်း ၃ တွင် ပါရှိသည့် အနည်းဆုံး ပြဋ္ဌာန်းချက်နှစ်ရပ်၏ ဇာတ်သိမ်းပိုင်းများကို နှိုင်းယှဉ်ပါ။ ထို ဇာတ်သိမ်းပိုင်း နှစ်ခုလုံးတို့ကို စာရေးဆရာများက မည်သို့တင်ပြထားပုံများနှင့် ယင်းဇာတ်သိမ်းပိုင်း အသီးသီးက သက်ဆိုင်ရာ ဇာပေလက်ရာတစ်ခုလုံးအပေါ် အထောက်အကူပြုပုံများကို လေ့လာဆွေးနွေးပါ။

၂။ **'မည်သည့်စာပေလက်ရာ၌မဆို ထိုစာပေလက်ရာ၏အမည်သည် အဓိကကျသော အစိတ်အပိုင်းတစ်ခု ဖြစ်သည်။"** လေ့လာသင်ကြားခဲ့သည့် သင်ရိုးညွှန်းတမ်း အပိုင်း ၃ တွင် ပါရှိသည့် အနည်းဆုံး ပြဋ္ဌာန်းချက်နှစ်ရပ်ကို ကိုးကား၍ ဤအဆိုတွင် ကျိုးကြောင်းညီညွတ်မှုနှင့် လက်ခံနိုင်စရာ ရှိမှု မရှိမှုတို့ကို ဆွေးနွေးပါ။

၃။ လေ့လာသင်ကြားခဲ့သည့် သင်ရိုးညွှန်းတမ်းတွင် ပါဝင်သော စာပေလက်ရာများတွင် စာရေးဆရာများသည် မည်သည့် ရည်ရွယ်ချက်များဖြင့် ကလေး လူငယ်များဘဝ အခြေအနေများကို မည်သို့မည်ပုံ ထည့်သွင်း ဖော်ကြူးထားပါသနည်း။

၄။ စာရေးဆရာများသည် သူတို့၏စာပေများတွင် တိရစ္ဆာန်များ၊ သစ်ပင် ပန်းပင်များ၊ မြစ်များ နှင့် တောင်များ စသည့် သဘာဝပတ်ဝန်းကျင်ရှိ သက်ရှိသက်မဲ့များကို အသုံးချထည့်သွင်းစပ်ဆိုကြသည်။ ယင်းတို့ကို စာရေးဆရာများ မည်သို့ အသုံးချခြင်းများနှင့် စာဖတ်သူများအပေါ် သက်ရောက်စေမည့် ထိရောက်မှုအကျိုးရလဒ်များကို လေ့လာသင်ကြားခဲ့သည့် သင်ရိုးညွှန်းတမ်း အပိုင်း ၃ တွင် ပါရှိသည့် အနည်းဆုံး ပြဋ္ဌာန်းချက်နှစ်ရပ်ကို စေ့စေ့စပ်စပ် ကိုးကား၍ ဆွေးနွေးပါ။

၅။ **'ပြတ်သားသည့် ညွှန်ကြားချက်များ ပေးခြင်းအားဖြင့် ဖြစ်စေ၊ စာဖတ်သူများကို မိမိဘာသာ ဆုံးဖြတ်စီရင်ချက် ချစေခြင်းအားဖြင့် ဖြစ်စေ၊ စာရေးဆရာသည် စာဖတ်သူများ၏ အမြင်များအပေါ် အမြဲ လွှမ်းမိုးစေသည်။"** ဤအဆိုကို ကိုးကား၍ လေ့လာသင်ကြားခဲ့သည့် သင်ရိုးညွှန်းတမ်း အပိုင်း ၃ တွင် ပါရှိသည့် အနည်းဆုံး ပြဋ္ဌာန်းချက်နှစ်ရပ်ကို ဆွေးနွေးပါ။